# ခေါ်မကြားကျေးရွာ

## ကန်ကြီးထောင့်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# (၂၀၁၇-၂၀၂၂)



ပြုစုရေးဆွဲသူ


ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ခေါ်မကြားကျေးရွာ၊ ကန်ကြီးထောင့်မြို့နယ်



(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၉ ခုနှစ်၊ မတ် လ

**မာတိကာ**


မာတိကာ ၁

အတိုကောက်စကားလုံးများ ၅

စကားချီး ၆

ခေါ်မကြားကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ကန်ကြီးထောင့်မြို့နယ် ၈

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၉**

**(၁) နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၉**

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

**(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၁**

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

**(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၁**

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

**(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၄**

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

**(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟာန့်အတား များနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၉**

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟာန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

**(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၁**

**(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ ၂၃**

**(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၄**

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

**(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၃၀**

**(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၃၂**

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက်အဖွဲ့ အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

**(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၃**

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ


နောက်ဆက်တွဲ (၁) ဇယားများ ၃၆

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ

ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ

ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား ၂၃-က စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

ဇယား ၂၃-ခ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ

ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၇၄**

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ) ၇၇**

**ကိုးကားစာရင်း ၈၄**

**အတိုကောက်စကားလုံးများ**

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MoALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၁၁-၂၀၂၂ ခုနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်

ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုး ကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း (၂) ပိုင်း ပါရှိပါသည်။ အပိုင်း (က) တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေး လုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိ ကဖော်ပြထားပါသည်။ အပိုင်း (ခ) သည် စီမံကိန်းဆိုင်ရာအချက်အလက်များ၏ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

အောက်တိုဘာလ၊ ၂၀၁၈ ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ခေါ်မကြားကျေးရွာ

ကန်ကြီးထောင့်မြို့နယ်

## ကန်ကြီးထောင့်မြို့နယ်၊သဲဖြူကျေးရွာအုပ်စု၊ခေါ်မကြားကျေးရွာ



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

### ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပ့်အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာ ကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကိုသိရှိစေရန် မျှော်လင့်ပါသည်။

**အစိုးရနှင့် အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိက ကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့ အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်ဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေး အစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာ တွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင် မည့်စီမံကိန်းများကို ဦးစားပေးရွေးချယ် ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီ အစဉ်မျိုးဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်၊ သဲဖြူကျေးရွာအုပ်စု၊ ခေါ်မကြားကျေးရွာ၊ ပုသိမ်မြို့မှ (၇)မိုင်အကွာရှိ ရေချိုကုန်းကျေးရွာမှ ဖြတ်၍ ဝင်လာရပါသည်။ သွားလာရလွယ်ကူသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင် တည်ရှိပြီး အဓိက အသက်မွေးဝမ်းကျောင်း လုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ ကျေးရွာသည် ရေနုတ်မြောင်း၊ ရေသွင်းမြောင်းများနှင့် ဆက်စပ်နေပြီး နွေစပါး၊ မိုးစပါးများ စိုက်ပျိုးရအဆင်ပြေပါသည်။ လယ်ယာမြေများသည် စပါးစိုက်ပျိုးထုတ်လုပ်ရန်အတွက် အဓိကအားထားရာ ဖြစ်ပါသည်။

### (ခ) သဘာဝအရင်းအမြစ်

ကျေးရွာသည် ရှမ်းရွာမြစ်နှင့် ဆက်စပ်နေသော ချောင်းငယ်များကို ရေသွင်းမြောင်းများ ဖြင့် ဆက်သွယ်ထားပြီး တစ်နှစ်ပတ်လုံးရေချိုရရှိသဖြင့် လယ်မြေများတွင် စပါးစိုက်ပျိုးရန် အထူးကောင်းမွန်သည်။ ကျေးရွာတွင် လယ်ယာမြေ အသင့်အတင့်ရှိပြီး မြေဩဇာ အသင့်အတင့် ကောင်းမွန် ပါသည်။ လယ်ယာမြေ စိုက်ပျိုးဧက (၂၆၃) ဧကခန့်ရှိပြီး မိုးရာသီ မြစ်ရေကြီးချိန်တွင် မြစ်ရေဝင်ရောက်မှု ရှိသဖြင့် စိုက်ပျိုးမြေဧက (၂၆၃) မိုးစပါး၊ (၁၈၀)နွေစပါးဧကသည် စိုက်ပျိုးရရနိုင်သည်။ ကျန်လယ်ယာမြေများသည် မိုးစပါးနှင့် နွေစပါးကို အဓိကစိုက်ပျိုးသည်။ ကျေးရွာတွင် သဘာဝတွင်းထွက်သယံဇာတများမရှိပါ။ သဘာဝတိရိစ္ဆာန်မျိုးစိတ်များလည်း ရရှိနိုင်မှု နည်းပါး

သွားပြီ ဖြစ်သည်။ နွားစာအတွက် မြက်များကို လယ်ကန်သင်းများနှင့် မြောင်းကမ်းပါးမှ အလွယ်တကူ ရရှိနိုင်သည်။ ဆေးဘက်ဝင်အပင်များမှာ သာမာန်တွေ့ရများသော အပင်များသာ ရှိသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၆၈) စုနှင့် ကျား (၁၃၂)၊ မ(၁၄၅) ဦးဖြင့် လူဦးရေပေါင်း(၂၇၇) ဦး ရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ (၄) ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း ၅ ဦးထက် လျော့နည်းသည်။ ကျေးရွာတွင် ကရင် (ဗုဒ္ဓ)လူမျိုးများနေထိုင်ကြပြီး အလုပ်လုပ် နိုင်သည့်အရွယ်သည် ကျေးရွာရှိလူဦးရေအားလုံး၏ ၇၈ % ရှိပြီး အမျိုးသမီးမှာ အမျိုးသားအရေအတွက်ထက် ၅% ပိုများသဖြင့် ကွာခြားမှု နည်းပါးပါသည်။ သို့သော် အမျိုးသမီးများ လုပ်ကိုင်နိုင်သည့် အလုပ်များကို ပါ ထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင်များကို ဖန်တီးပေးနိုင်ပါက လူ့စွမ်းအားအရင်းအမြစ်ကို ထိရောက်စွာ အသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ပိုမိုအထောက်အကူဖြစ်စေနိုင်ပါသည်။

### (ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် အသင့်အတင့်ကောင်းမွန်သည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ ၆၄.၇% သည် ဆင်းရဲနှင့် အလွန်အိမ်ထောင်စုအဆင့်အဖြစ်သတ်မှတ်ကြပြီး ၁၀.၃၅% သည် အဆင့်ပြေသည့်အဆင့်၊ ၂၅ % သည် အလယ်အလတ်အဆင့် ရှိကြသည်ဟု သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု၊ လက်လှမ်းမမှီမှု၊ လယ်ယာသုံးစက်ကိရိယာအားနည်းမှုနှင့် မြောင်းရေသွင်း၍ စိုက်ပျိုးနိုင်မှုတို့ကြောင့် ကျေးရွာစီးပွားရေးအနေအထားမှာ အသင့်အတင့်ကောင်းမွန်သည်ဟု ပြောနိုင်သည်။ အဆင်ပြေသော အိမ်ထောင်စုများနှင့် အလယ်အလတ်ရှိသော အိမ်ထောင်စုများအပြင် အခြားလယ်သမား အိမ်ထောင်စုအချို့မှာလည်း လက်သမား၊ ပန်းရံ၊ အရောင်းအဝယ်နှင့် အသေးစား အိမ်တွင်းလုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်ကြသည်။ ယင်းတို့အနက် ဆင်းရဲအဆင့်သည် ကျေးရွာတွင် အများဆုံးဖြစ်ပြီး မြေယာအနည်းငယ်မျှပိုင်သော လယ်သမားများ၊ လက်လုပ်လက်စား၊ ဆောက်လုပ်ရေးလုပ်ငန်းခွင် လုပ်သားများနှင့် မြေယာမဲ့ အိမ်ထောင်စုများပါဝင်သည်။ ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စု အရေအတွက် (၄၄၃)အထိရှိကာ ဆင်းရဲ၊ အလွန်ဆင်းရဲ အဆင့်ရှိ အိမ်ထောင်စုများ ပါဝင်ကြသည်။ မိုးတွင်းကာလ မြစ်ရေကြီးချိန်တွင် မြစ်ရောက်မှုများရှိသဖြင့် အလုပ်အကိုင်ရှားပါး၍ စားနပ်ရိက္ခာမဖူလုံသော အိမ်ထောင်စု (၁၄)စုခန့်လည်းရှိပါသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင်မြေယာမဲ့ အိမ်ထောင်စုအရေအတွက်မှာ များပြားသော်လည်း ရာသီ အလိုက် စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိကဝင်ရောက်လုပ်ကိုင်ကြပြီး လက်လီဈေးရောင်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ခေါင်းရွက်ဗျပ်ထိုးလုပ်ငန်းများ၊ ဆန်ကြိတ်စက်လုပ်ငန်း စသည့်တို့တွင်လည်း လုပ်ကိုင်ကြသည်။ ကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများ၏ ၃၀% ဖြစ်သော အိမ် ထောင်စု (၁၄) စုကို လေ့လာဆန်းစစ်မှုအရ ယင်းတို့၏မှာ သူတပါးထံမှ မချေးမငှားပဲ သုံးလ ခန့် နပ်မှန်အောင် စားသုံးနိုင်ကြကြောင်းတွေ့ရှိရသည်။ အကြွေး တင်ရှိမှုတွင် တွေ့ဆုံခဲ့သောအိမ်ထောင်စု အားလုံးသည် အကြွေးငွေ ၅၀,၀၀၀/- ကျပ်မှ ၄၀၀,၀၀၀/- ကျပ်ထိတင်ရှိနေကြသည်။ ချေးငွေအများစုကို ပုဂ္ဂလိကငွေချေးလုပ်ငန်းများ၊ ကျေးရွာသမဝါယမ အသင်းမှ ချေးယူရရှိကြသည်။ ချေးငွေများကို အသုံးပြုကြပုံမှာ စားသုံးရန်နှင့် ကျန်းမာရေး၊ ပညာရေး ကိစ္စရပ်များအတွက် အဓိက သုံးစွဲကြသည်။

ကျေးရွာတွင် ထိခိုက်လွယ်သော မိသားစုစောင့်ရှောက်မှုမရှိသော (၃)ဦးရှိပါသည်။ ထိခိုက်သက်ရောက်မှု အမျိုးအစားတွင် အအေးလွန်ကဲခြင်းကိုသာ အသင့်အတင့်အနေအထားတွေ့ရပြီး ဤအမျိုးအစားများကို အနည်းငယ်သာတွေ့ရသည်။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အစားအစာပြည့်ဝမှုရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသော်လည်း တခါတရံ မိုးရာသီတွင် သွေးလွန်တုပ်ကွေး တစ်ခါတစ်ရံဖြစ်ကြသည်။ မူလတန်းကျောင်းတွင် ကျောင်းသူ/သားများကိုလည်း အပတ်စဉ် အာဟာရတိုက်ကျွေးမှု အသင့်အတင့်ရှိပြီး အမျိုးသမီး၊ လူငယ်၊ လူရွယ်၊ သက်ကြီးပိုင်းအများစုတို့သည်လည်း တကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေး အသိအမြင်များ အသင့်အတင့်ရှိကြသည်။ ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများကို ကျေးရွာမှ (၁)မိုင်ခန့်အကွာရှိ ရေချိုကုန်းကျေးရွာအုပ်စု၊ ရေချိုကုန်းကျေးရွာမှ သားဖွားဆရာမထံ သွားရောက်ကုသမှုခံယူနိုင်ပါသည်။

ကျေးရွာတွင် သောက်သုံးရေကို ကိုက်(၂၀၀၀)ကွာဝေးသော ကျောင်းကုန်းရေတွင်းမှ ခပ်ယူ၍ သောက်သုံးကြပါသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ ပညာရေး အဆင့်အတန်းသည် အသင့်အတင့်သာရှိကြောင်း တွေ့ရပါသည်။ ရွာသားအများစုသည် အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပါသည်။ ကျေးရွာတွင် ဘွဲ့ရအရေအတွက်မှာ ကျေးရွာတွင် (၂.၅)%ခန့်ရှိပါသည်။ ကျေးရွာတွင် အခြေခံပညာရေးကို ရွာတွင်း ရှိ မူလတန်းကျောင်းနှင့် အလယ်တန်းပညာများကို ရေချိုကုန်းကျေးရွာအုပ်စုတွင်းရှိ ရေချိုကုန်း ကျေးရွာတွင် တက်ရောက်သင်ကြားနိုင်ပါသည်။ အထက်တန်းပညာများကို ပုသိမ်မြို့ အ.ထ.က (၁)တွင် တက်ရောက်သင်ကြားနိုင်ပါသည်။ တက္ကသိုလ်ပညာရေးကို ပုသိမ်မြို့တွင် သင်ကြားနိုင်ပါသည်။ သို့သော် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဆိုင်ရာ ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် ကျွမ်းကျင်မှု အခြေခံသည့် အလုပ်အကိုင်အခွင့်အလမ်း များသည်လည်း နည်းပါးဆဲဖြစ်သည်။

## (စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင်ကျားမဆိုင်ရာ ဆက်နွယ်မှုအနေအထားမှာ တည်ငြိမ်ကောင်းမွန်ပါသည်။ မိသားစုအတွင်း ကျား/မတို့၏အခန်းကဏ္ဍအသီးသီးကို ရပ်ရွာသတ်မှတ်ချက်များအတိုင်း ကျင့်သုံး ကြပါသည်။ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စများ မတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့်ပညာရေးနှင့် အခြားနယ် ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့် ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်းရှိ ကျား/မ အရေအတွက်မျာ အလွန်ကွာခြားမှုမရှိသဖြင့် အမျိုးသမီးများ အတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင် ဖြစ်သည်။ သို့သော် ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများကပိုမိုရကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်မှုမှာ တူညီသော်လည်း အမျိုးသမီးများ သည် အမျိုးသားများထက် လုပ်အားခလျော့နည်းပြီးရကြသည်။ အုပ်ချုပ်ရေး အဖွဲ့အစည်းများ တွင်မူ အမျိုးသမီးပါဝင်မှု မရှိသော်လည်း အခြားလူမှုရေးအသင်း အဖွဲ့များတွင်မူ အမျိုးသမီးပါဝင်မှု အသင့်အတင့်ရှိကြသည်။ ကျား/မ တန်းတူညီမျှမှုနှင့် ပတ်သက်၍ အသိပညာပေးခြင်းများကို မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျားမ တန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

## ၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် စီးပွားရေးအခြေခံအသင်းအဖွဲ့များအဖြစ် ကျေးရွာစိုက်ပျိုးရေးနှင့် မွေးမြူရေး သမဝါယမအသင်းတို့ရှိကြပြီး ကျေးရွာသားအချို့မှာ ယင်းအသင်းအဖွဲ့များတွင် ပါဝင်ဆောင်ရွက် လျက်ရှိပါသည်။

### (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါးကို အဓိကထားစိုက်ပျိုးကြပြီး အချို့အိမ်ထောင်စုများမှာ သီးပင် စားပင် များတနိုင်တပိုင် စိုက်ပျိုးကြသည်။ မိုးစပါး စိုက်ဧက (၂၆၃)ဧကခန့် ရှိပြီး နွေစပါးစိုက်ဧက (၁၈၀) ဧက ခန့်ရှိပါသည်။ မိုးတွင်းကာလတွင် ရေကြီးနစ်မြုပ်မှုများ ရှိသဖြင့် ( )ဧကခန့်ရှိသည်။ မိုးစပါး တစ်ဧက ပျမ်းမျှ ထွက်နှုန်းမှာ (၃၅)တင်း၊ နွေစပါးတစ်ဧကလျှင် ပျမ်းမျှ (၇၅)တင်းရှိပါသည်။ စိုက်ပျိုးရေးဦးစီးဌာန နည်းပညာဝန်ဆောင်မှု မျိုးအားနည်းကြပြီး စိုက်ပျိုးရေး ကုမ္ပဏီများ မှလည်း တောင်သူများအတွက် ဝန်ဆောင်မှုများအား နည်းကြသည်။ ကျေးရွာတွင် စိုက်ပျိုးရေးဦးစီးဌာနမှ ကမကထပြုပြီး မျိုးစပါးစိုက်ပျိုးထုတ်လုပ်ရေး ဆောင်ရွက်ခြင်း၊ သီးနှံစံပြစိုက်ကွက်များ နမူနာပြ စိုက်ပျိုးခြင်းများမရှိပါ။ တောင်သူအများစုသည် လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမား မလုံလောက်မှု ပြဿနာကို ရင်ဆိုင်ရတတ်ပြီး လုပ်အားခ ပိုမိုပေးမှ အလုပ်သမားများကို ငှားရမ်း ရရှိနိုင်ကြောင်း ကုန်ကျစရိတ်မြင့်မားရသည်။ သီးနှံစိုက်ခင်းများတွင် နှစ်စဉ်နှစ်တိုင်း ဖျက်ပိုး ကျရောက်မှု ရောဂါကျရောက်မှုများကို တွေ့ရှိရပြီး ထိရောက်သော ဖျက်ပိုးနှင့်ရောဂါနှိမ်နင်းရေး နည်းစနစ်နှင့် ဆေးဝါးတို့အတွက် စိုက်ပျိုးရေးဦးစီးဌာနမှ လိုအပ်သလို ကူညီဆောင်ရွက်ပေးစေလို ပါသည်။

ကျေးရွာတွင် ကိုယ်ပိုင်လယ်ထွန်စက်များ၊ ခြွေလှေ့စက်များဖြင့် လုပ်ကိုင်နိုင်သူ ဦးရေ (၁၅) ဦးခန့်ရှိပါသည်။ လယ်ထွန်စက်အပိုင်မရှိသည့် တောင်သူများသည် ငှားရမ်းထွန်ယက်ကြရာတွင် တစ်ဧက ကာပေါက်ဈေး ၂၀၀၀၀/ ကျပ်ဝန်းကျင်ပေးငှားရကာ ငှားရမ်းခဈေးနှုန်းကြီးမြင့်မှုကို ရင်ဆိုင် ကြရပြီး အချို့တောင်သူများမှာ နွားနှင့်စက်တပ်နွားပုံများကိုသာ အသုံးပြုထွန်ယက် ကြ သည်။ ထို့ကြောင့် ငှားရမ်းခ ဈေးနှုန်းသက်သာစွာ ရရှိငှားရမ်းနိုင်ရေးအတွက် လိုလားနေကြသည်။

ကျေးရွာတွင် ဝက်မွေးသူအိမ်ထောင်စုမှာ ၁၅% ဝန်းကျင်ရှိပြီး ဒေသမှ ဝက်များကို တစ်အိမ် လျှင် တစ်ကောင်မှ နှစ်ကောင်ခန့်သာ မွေးမြူကြသည်။ ဒေသကြက်မွေးသည့် အိမ်ထောင်စုသည်

တစ်ရွာလုံး၏ (၈၇%)ခန့်ရှိပြီး တစ်အိမ်လျှင် ၇ ကောင်နှုန်းလောက်ဖြင့် တနိုင်တပိုင် မွေးမြူကြပါသည်။ ရာသီအလိုက် ဖြစ်ပွားတတ်သော ကြက်နာ၊ ဝက်နာ တိရစ္ဆာန်ရောဂါများ ရံဖန်ရံခါကျရောက်တတ်သည်။ သီးနှံစိုက်ပျိုးရေးလုပ်ငန်းများမှ ဆက်စပ်ဝင်ငွေ အထိုက်အလျောက် ရရှိနိုင်ခြင်း၊ ကူးစက်ရောဂါ အားလျော်စွာ ကျရောက်တတ်ခြင်းနှင့် မွေးမြူရေးလုပ်ငန်းကို စိတ်ဝင်တစားဆောင်ရွက်ပြီး ဝင်ငွေရရှိလိုလားမှု အားနည်းကြခြင်းတို့ကြောင့် စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းနည်းပါးသည်။ ကျေးရွာတွင် မွေးမြူရန် ရေမြေနေရာအဆင်မပြေသောကြောင့် ငါးမွေးမြူရေးလုပ်ငန်းများ မရှိပါ။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများအဖြစ် ကုန်စုံဆိုင်လုပ်ငန်း၊ နေ့စား၊ အလုပ်များ၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ ဈေးရောင်း၊ ခေါင်းရွက်ဗျက်ထိုး၊ အစိုးရဝန်ထမ်းလုပ်ငန်းစသည့် အခြား ဝင်ငွေရလုပ်ငန်းများတို့ လုပ်ကိုင်ကြသည်။ လုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့်အတင့်အနေအထားတွင် ရှိသည်။ ကျပမ်း အလုပ်သမားအချို့သည် လုပ်အားခ တစ်နေ့ (၅၀၀၀)နှုန်းမှ (၃၅၀၀)နှုန်းထိ ရှိကြသည်။

ပန်းရံ၊ လက်သမားများ၏ ဆရာအဆင့်လုပ်အားခမှာ တစ်နေ့ ၈၀၀၀/ကျပ်မှ ၅၀၀၀ ကျပ်အထိ ရနိုင်ကြသည်။ ကျေးရွာတွင် စပါးကို အဓိကစိုက်ပျိုးကြပြီး ကျေးရွာမှ အလုပ်သမားများအတွက် အလုပ်အကိုင်အသင့်အတင့်ရရှိကြသည်။ စပါးရိတ်သိမ်းချိန်များတွင် ရိတ်သိမ်း ခြွေလှေ့စက်များဖြင့် ငှားရမ်းလုပ်ကိုင်သူများသည့်အတွက် အလုပ်သမားလိုအပ်မှုလျော့ကျလာပါသည်။ သို့ပါ၍ အချို့သော ကျပန်းအလုပ်သမားများအတွက် အလုပ်အကိုင် အခက်အခဲအနည်းငယ်ရှိပါသည်။ လုပ်အားခရရှိမှုမှာ ကျားနှင့်မအတွက် မတူညီနိုင်ဘဲ ကျားလုပ်အားခက အ မြဲတမ်း ပိုနေတတ် သည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေများပြားပြီး လူ့အရင်းအမြစ် အလားအလာကောင်းတစ်ရပ်ဖြစ်သည်။ ကျေးရွာမှ အချို့သော မိသားစုများသည် ပုသိမ်မြို့များတွင် သွားရောက်လုပ်ကိုင်ကြပါသည်။ မြို့ပေါ်တွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအတွက် အာမခံပေးနိုင်သော အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ ဝပ်ရှော့ စသည့်လုပ်ငန်းများရှိသော်လည်း ရွာသားများသည် အဆိုပါ သင်တန်းများနှင့် အထိအတွေ့ နည်းပါးကြသည်။ လုပ်ငန်းခွင့်သုံးပညာအရည်အချင်းပိုင်းတွင်လည်း အနည်းငယ်နိမ့်ကျကြပြီး ကျွမ်းကျင်မှု အခြေခံသည် အလုပ်အကိုင်ရရှိမှု အားနည်းသည်။

## (ဃ) သဘာဝပါတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာရှိ စပါးစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်း၊ ရောဂါများ ဝင်ရောက်ခြင်း၊ ပိုးသတ်ဆေးနှင့် ဓာတု မြေသြဇာသုံးစွဲမှုများပြားခြင်းတို့ကြောင့် မြေဆီလွှာအရည်အသွေးကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင် ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

ဤကျေးရွာမှာ မြေပြန့်ဒေသအပိုင်းတွင်တည်ရှိ၍ ရေကြီးရေလွှမ်းခြင်းများ နှစ်စဉ်လိုလိုပင် အနည်းနှင့်အများ ဖြစ်ပွားတက်ပါသည်။ မုန်တိုင်းဘေးအန္တရာယ် ကျရောက်မှု နည်းပါးပါသည်။ အားပြင်းသောမုန်တိုင်းဝင်ရောက်မှု တခါတရံကြုံတွေ့ရတတ်သည်။ ကျေးရွာ၏ ဘေးပတ် ဝန်းကျင်မှာ လယ်ယာမြေများ၊ မြောင်းများ၊ သစ်ပင်များဖြင့် စိမ်းလန်းစိုပြေနေသောကြောင့် မိုးခေါင်ခြင်း သဘာဝ အန္တရာယ်မှာ အလွန်နည်းပါးပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို တစ်လအတိုးနှုန်း ၇ဝ ပြားတိုး၊ တစ်ဧကေ တစ်သိန်းခွဲကျပ်နှုန်းဖြင့် အများဆုံး ဆယ်ဧကအတွက် ချေးယူနိုင်ကြသည်။ ထို့ပြင် ကျေးရွာတွင်ရှိ ငွေချေးပေးသူ၊ အပေါင်ဆိုင်၊ မိတ်ဆွေနှင့်ဆွေမျိုးများ ထံမှလည်း ချေးယူနိုင်ကြသည်။

ကျေးရွာသားအများစုသည် ချေးငွေကို အဓိကအားဖြင့် ရိက္ခာ၊ ဝင်ငွေရလုပ်ငန်း၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာကိစ္စရပ်များအတွက် ချေးယူကြပြီး ကျေးရွာတွင် ချေးငွေလိုအပ်ချက် များပြားကြောင်းတွေ့ရှိရပါသည်။ ဆင်းရဲ၊ အလွန်ဆင်းရဲအိမ်ထောင်စုများ၏ အကြွေးတင်ရှိမှုကို လေ့လာဆန်းစစ်ချက်အရ အကြွေးငွေပမာဏသည် ကျပ်တစ်သိန်းမှ လေးသိန်းထိရှိကြကြောင်း တွေ့ရသည်။

### (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းပညာကို အလျား ၆၀ ပေ၊ အနံ ၂၀ ပေ၊ အမြင့် ၁၂ ပေ အရွယ်ရှိ သွပ်မိုး၊ အုတ်နံရံကာနှင့် အင်္ဂတေအခင်းကျောင်းဆောင်တို့တွင် သင်ကြားပေးသည်။ မူလတန်းအောင်ချက် ရာခိုင်နှုန်းလည်းမြင့်မားပြီး ကျောင်းအပ်နှုန်းသည့်နှုန်းထားသည် ကျေးရွာရှိ မူလတန်းအရွယ်ရှိသူ အရေအတွက်ထက် ပိုနေကြောင်း တွေ့ရသည်။ ကျောင်းတွင် မူလတန်းပြ ဆရာ/မ (၅)ဦး ရှိပြီး ကျောင်းသားအရေအတွက်မှာ ( )ဦး ရှိသဖြင့် တပည့်ဆရာအချိုးသည် ( )ဦးထက် ပိုနေသည်။ လွန်ခဲ့သော ကျောင်းဖွင့်ရာသီက မူလတန်းကျောင်းသားများအတွက် ပြဋ္ဌာန်းစာအုပ်များနှင့် လေ့ကျင့်ခန်းစာအုပ်များကို အခမဲ့ပံ့ပိုးပေးခဲ့သည်။

ရွာသူရွာသားများအတွက် ကျန်းမာရေးဝန်ဆောင်မှုတို့ကို ကျေးရွာမှ ၁ မိုင်ခန့်ဝေးသည်။ ရေချိုကုန်းကျေးရွာရှိ သားဖွားဆရာမ၊ ၇ မိုင်ခန့်ဝေးသည့် ပုသိမ်မြို့ ဆေးရုံတို့သို့ပ ကျောက်ကြမ်းလမ်းကိုဖြတ်၍ သွားလာရသည်။ ကျေးရွာအတွင်းတွင် ကျေးလက်ဆေးပေးခန်းမရှိသဖြင့် ကျေးရွာအတွက် အရေးပေါ်လိုအပ်ချက်ရှိပါက အခက်အခဲရှိခဲ့ပါသည်။

ကျေးရွာအတွက် သောက်သုံးရေကို ကိုက်(၂၀၀၀)အကွာရှိ ကျောင်းကုန်းရွာ၏ သောက်ရေတွင်းမှ သောက်သုံးရေ အလုံအလောက်ရရှိပါသည်။ တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့် ဆက်စပ်ဖြစ်ပွားတတ်သော ရောဂါဖြစ်ပွါးမှုများနည်းပါးသည်။ စာသင်ကျောင်းတွင်လည်း အိမ်သာများ စနစ်တကျဆောက်လုပ်ထားပြီး ကျောင်းသူ/ကျောင်းသားများအတွက် အသုံးပြုရန် လွယ်ကူသည်။

### (ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် အနေအထားသီးသန့်မရှိသော်လည်း ညနေပိုင်းတွင် ခြင်းဝိုင်းများနှင့် ဘောကွင်းများရှိသည်။ လူငယ်အချို့သည် ကျေးရွာရှိ လူမှုရေး လုပ်ငန်းများတွင် တတ်နိုင်သမျှ တက်ကြွစွာ ပါဝင်ကူညီဆောင်ရွက်ကြပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများအတွက်မူ မြောင်းတူးခြင်း၊ လမ်းဖောက်မြေဖို့ခြင်း စသောလုပ်ငန်းများတွင် ပူးပေါင်းပါဝင်မှုများရှိသည်။

### (ဇ) အခြေခံ အဆောက်အဦ – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(၂၀၁၅-၂၀၁၆)ခေါ်မကြားကျေးရွာတွင် လမ်းကို ကိုယ်ထူကိုယ်ထအဖြစ် အကျယ်(၈)ပေ ရှိ လမ်းမကြီးကို ကွန်ကရစ်ဘောင်လမ်းအဖြစ် ခင်းသော်လည်း ငွေကြေးအခက်အခဲကြောင့် ပြီးစီး

အောင်မဆောင်ရွက်နိုင်ခဲ့ပါ။ ထို့ကြောင့် ကျန်ရှိနေသော အပိုင်းအား ကျေးလတ်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှ ဆောင်ရွက်ပေးစေလိုပါသည်။

သယ်ယူပို့ဆောင်ရေးနှင့် လယ်ယာလုပ်ငန်းအတွက် ရေလမ်းကိုအသုံးပြုကြသည်။ လမ်းပန်း ဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ်စက်ဘီး၊ ထော်လာဂျီများအသုံးပြုကြသည်။ ကျေးရွာ တွင် မဟာဓာတ်အားလိုင်းနှင့် နီးစပ်သော်လည်း လျှပ်စစ်မီးမရှိသေးပါ။ သို့သော်လည်း ယခုအခါ တွင် ဘတ်ထရီမီးကိုသာ အသုံးပြုနေကြပါသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီအသုံးပြုနိုင်ကြသည်။ အိမ်တိုင်းနီးပါးမျှ လက်ကိုင်ဖုန်းအသုံးပြုနေကြပြီဖြစ်သည်။ ကျေးရွာတွင် အင်တာနက်အသုံးပြု နိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက် အသုံးပြုနိုင်သည်။ ကျေးရွာတွင် စာကြည့်တိုက် အဆောက်အဦ မရှိသော်လည်း ဖတ်စရာစာအုပ် များ ရှိသည်။ ရွာသားများသည် သတင်းစာ ဂျာနယ်များကိုလည်း ဝယ်ယူဖတ်ရှုကြပြီး တစ်ရွာလုံး အတိုင်းအတာဖြင့် တယ်လီဖုန်းနှင့် ဆက်သွယ်ရေးမှာ အသင့်အတင့် ကောင်းမွန်ကြောင်း တွေ့ရှိရ ပါသည်။

## (ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်း ဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူး သန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ ရွာသားများသည် မိုဘိုင်းတယ်လီဖုန်းဆက်သွယ်မှုကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင် သည်။ အာမခံစနစ်ကို ချိတ်ဆက်အသုံးပြုနိုင်သော်လည်း ချိတ်ဆက်ဆောင်ရွက်ထားသူ မရှိသ လောက်ပင်နည်းပါးသည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ် သီးသန့်ရေး ဆွဲထားခြင်းမရှိပါ။

## ၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ် မှုများ

## (က) ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

ခေါ်မကြားကျေးရွာသည် ပထဝီဝင်အနေအထားအရ မြေပြန့်ဒေသတွင်တည်ရှိပြီး ပုသိမ် - ရေချိုကုန်းကျေးရွာလမ်းနှင့် ဆက်သွယ်ထားသော ကျောက်ကြမ်းခင်းလမ်းမကြီးနှင့် တစ်ဆက် တည်းတည်ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး တစ်နှစ်ပတ်လုံး သွားလာ နိုင်သော် လည်း နွေအခါတွင် သွားလာရလွယ်ကူပြီး မိုးတွင်းအခါတွင် လမ်းများပျက်စီးသဖြင့် သွားလာရ

အနည်းငယ်ခက်ခဲပါသည်။

ကျေးရွာတွင် ဈေးဆိုင်များရှိပြီး အရေးပေါ်လိုအပ်ပါက ပုသိမ်မြို့မဈေးနှင့် ကန်ကြီးထောင့်ဈေးများသို့ အလွယ်တကူ သွားရောက်ဝယ်ယူရရှိနိုင်ပေသည်။

ကျေးရွာတွင် မဟာဓာတ်အားလိုင်းနှင့် နီးစပ်သော်လည်း လျှပ်စစ်မီးလုံးဝ မရရှိသေးပါ။ လျှပ်စစ်မဟာဓါတ်အားလိုင်းမှာ ရရှိရန် အလှမ်းဝေးပါသည်။ အချို့သော အိမ်ထောင်စုများမှာလည်း တစ်အိမ်သုံး ဆိုလာလေးများ ဝယ်ယူအသုံးပြုကြပါသည်။ ချက်ပြုတ်စားသောက်ရာတွင် ထင်းမီးကိုသာ အသုံးပြုကြရပြီး ချို့တဲ့သော အိမ်ထောင်စုရှိ ကျောင်းသူ/သားများ၏ စာဖတ်ချိန်တွင် ဖယောင်းတိုင်မီးကိုသာ အသုံးပြုကြရသည်။ အချို့အိမ်ထောင်စုတွင် ဆိုလာမီးများဝယ်ယူအသုံးပြုနိုင်ကြသဖြင့် ကျောင်းသူကျောင်းသားများ၏ စာဖတ်ချိန်ကို အထောက်အပံ့ဖြစ်ခြင်း၊ အားလပ်ချိန်များတွင် ဗဟုသုတရဖွယ် သုတ၊ ရသနှင့် သတင်းအစုံအလင်အား တီဗွီဖန်သားပြင်မှ ကြည့်ရှုနိုင်ကြပါသည်။

လူဦးရေအားလုံး၏ (၇၈%)မှာ အလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်ကြသည်။ ဘွဲ့ရ အရေအတွက်အသင့်အတင့်သာရှိပါသည်။ ကျေးရွာလူထု၏ ကျန်းမာရေး အခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ကြပါသည်။ ကျန်းမာရေး ပံ့ပိုးပစ္စည်းများကို တတ်နိုင်သမျှ လက်လှမ်းမှီနိုင်ကြသည်။ ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသော ဆေးဝါးကုသလိုမှုအတွက်လည်း ကန်ကြီးထောင့် မြို့နယ် ဆေးရုံနှင့် ပုသိမ်ဆေးရုံကြီးသို့ သွားရောက်ပြီး ဆေးကုသမှုများခံယူနိုင် ကြသည်။ ကျေးရွာအတွင်းတွင် ပြင်ပနှင့်ကျေးရွာ အတွင်းမှ ဖွဲ့စည်းထားသော လူထုအခြေပြုအဖွဲ့အစည်းများ မရှိပါ။ ပြင်ပ ပုဂ္ဂလိက ငွေချေးအဖွဲ့များ၊ အစိုးရဌာနများနှင့် အချိတ်အဆက် အနည်းငယ်အား ကောင်းမှုရှိပြီး ထိုအထောက်အပံ့များသည် ကျေးရွာတွက် လယ်ယာလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှုနှင့်အခြား အသေးစားလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရန် အထောက်အပံ့ကောင်းများ ဖြစ်စေပါသည်။ စိုက်ပျိုးရေးဦးစီးဌာနမှလည်း စိုက်ပျိုးရေးနှင့် ပတ်သက်သော ခေတ်မှီနည်းပညာပေးစနစ်များလာရောက်ပို့ချပေးရန် ကျေးရွာမှ တောင်သူများက အလွန်အလေးထားကာ စောင့်စားမျှော်လင့်နေကြပါသည်။

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီသြဇာအတော်အသင့် ကောင်းမွန်သည်။ တောင်သူများလည်း လယ်ယာထွက်ကုန်များကို အလွယ်တကူ သယ်ယူပို့ဆောင်ရောင်းချနိုင်ပြီး ဈေးကွက်မှာ အသင့်အတင့်ကောင်းမွန်ပါသည်။ စပါးကို အဓိကစိုက်ပျိုးကြပြီး တစ်နှစ်ပတ်လုံး ရေချိုရရှိနိုင်ခြင်းကြောင့် နွေစပါး၊ မိုးစပါးတို့ကို လွန်စွာ အထောက်အကူဖြစ်စေသည်။ မြောင်းရေ၊ ချောင်းရေမှ ရေကို အသုံးပြု၍ သီးနှံများကို စိုက်ပျိုးကြပါသည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ ကောင်းမွန်ခြင်းမရှိ၍ အခြားသတင်းအချက်အလက်များအတွက် အသင့်အတင့်မျှသာ ချိတ်ဆက်အသုံးပြု နိုင်သည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့်အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းအတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ အလုပ်အကိုင်အခွင့်အလမ်းနှင့်ပတ်သက်ပြီး ပုသိမ်အထည်ချုပ်စက်ရုံနှင့်စက်မှုဇုန်များတွင် သွားရောက်လုပ်ကိုင်နိုင်ကြသည်။

## (ခ) အဟာန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာအနေအထားအရ ယေဘုယျအားဖြင့် အဟာန့်အတားစိန်ခေါ်မှု အများအပြားမတွေ့ရ ပါ။ ကျေးရွာ၌ ကျေးရွာအခြေပြုအဖွဲ့အစည်းများမရှိပါ။

ကျေးရွာတွင် မူလတန်းကျောင်းတည်ရှိပြီး အလယ်တန်းနှင့်အထက်တန်းပညာရေးများအတွက် ကျေးရွာမှ (၁)မိုင်ခန့်ကွာဝေးသော ရေချိုကုန်းကျေးရွာတွင် သွားရောက်သင်ယူနိုင်ကြသည်။ ထို့ပြင်ကျေးရွာမှ (၇)မိုင်ခန့်ဝေးသော ပုသိမ်မြို့ အ.ထ.က ကျောင်းသို့လည်း သွားရောက်သင်ယူနိုင်ပါသည်။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲမရှိသော်လည်း (၁)မိုင်ခန့်သာ ကွာဝေးသော ရေချိုကုန်းကျေးရွာရှိ သားဖွားဆရာမထံ သွားရောက်ကုသနိုင်ကြသည်။ ကျန်းမာရေး အတွက် အရေးပေါ်ကိစ္စရပ်များတွင် (၇)မိုင်ခန့်ကွာဝေးသော ပုသိမ်မြို့ ဆေးရုံကြီးသို့ သွားရောက်ကုသရသဖြင့် အချိန်ကြာမြင့်မှု ရှိတတ်ပေသည်။

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

## (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီးလာမည့် ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် စိုက်ပျိုးထုတ်ကုန်ထုတ်လုပ်မှုမြင့်တင်ခြင်း၊ ကျေးရွာတွင်းလမ်းနှင့် ရွာချင်းဆက်လမ်းများ ပိုမိုကောင်းမွန်လာအောင်ဖန်တီးခြင်း၊ အလုပ်အကိုင်များဖန်တီးခြင်းတို့ကြောင့် စီးပွားရေးအနေအထားကို အနည်းငယ် တိုးတက်လာစေပါသည်။

က.၂) ကျွန်ုပ်တို့ရွာလူထုသည် ပညာရေးဝန်ဆောင်မှု၊ ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှု အနည်းငယ်ဆောင်ရွက်မှုကြောင့် လူနေမှုဘဝအနည်းငယ်မျှသာ ကောင်းမွန်လာသည်ကိုတွေ့ရသည်။

က.၃) ကျွန်ုပ်တို့ရွာလူထုသည် အသက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးအုပ်စုများကို နည်းပါးစွာ ဆောင်ရွက်မှု အလွန်ရှားပါးသည်။

က.၄) ကျွန်ုပ်တို့ကျေးရွာသည် လူငယ်များ အရက်သေစာ သောက်စားမှုလျော့နည်းပြီး တွေးခေါ် မြော်မြင်မှုနှင့် ယဉ်ကျေးမှု ပိုမိုမြင့်မားလာစေရမည်။

## (ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည် -

ခ.၁) ကျေးရွာတွင် အရင်းအနှီးချေးငွေ၊ လယ်ယာသုံးစက်ကိရိယာ အသုံးပြုနိုင်ရေးနှင့် နည်းပညာ အသုံးချနိုင်စွမ်း ရရှိရေးတို့ကိုဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ ဆောင်ရွက်သွားမည်။ အသေးစားငွေကြေးလုပ်ငန်းနှင့် ချေးငွေများ အတိုးနှုန်းသက်သာစွာဖြင့် ပိုမို ရရှိစေရန်အတွက် မြို့နယ်ရှိ ဘဏ်များ၊ ပုဂ္ဂလိကရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက် ပေးမည်။ အရင်းအနှီးငွေများရရှိပါကာ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထား ပေးမည်။

ခ.၂) ကျေးရွာတွင် ကျေးရွာလမ်းနှင့် ရွာချင်းဆက်လမ်းများတိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။ ကျေးရွာလူမှုအဖွဲ့အစည်းများနှင့် ကျေးရွာအခြေပြုလုပ်ငန်းများကို အကောင် အထည်ဖော်စီမံခန့်ခွဲနိုင်ဂုန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင်ဆောင်ရွက်ရန် တိုက်တွန်း အားပေးဆောင်ရွက်မည်။

ခ.၃) ကျေးရွာတွင် မူလွန်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းကို ဆရာတော်ကြီးနှင့် ကျေးရွာ ထည့်ဝင်ငွေဖြင့်သာ ဆောက်လုပ်ထားပြီး နောက်ပိုင်းနှစ်များတွင် အဆင့်မြင့်သော စာသင်ကျောင်း ဆောင်များ၊ ပရိဘောဂအသုံးအဆောင်ပစ္စည်းများ အလုံအလောက်ရရှိရန်နှင့် ဆရာ/ ဆရာမတို့၏ လစာငွေပိုမိုရရှိလာနိုင်အောင်ဆောင်ရွက်သွားမည်။ လိုအပ်ပါက အလယ်တန်း၊ အထက်တန်းအဆင့် ကျောင်းများအထိရရှိအောင် တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်သည်။

ခ.၄) ကျေးရွာတွင် ကျေးရွာလမ်းနှင့် ရွာချင်းဆက်လမ်းများ တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။ ကျေးရွာလူမှုအဖွဲ့အစည်းများနှင့် ကျေးရွာအခြေပြုလုပ်ငန်းများကို အကောင် အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင်ဆောင်ရွက်ရန် တိုက်တွန်း အားပေးဆောင်ရွက်မည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့်အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်ုပ်တို့ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေး စီမံချက်များနှင့် ဘတ်ဂျတ်ပမာဏပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

### (ခ) စံချိန်မီစာသင်ကျောင်းဆောင်ဆောက်လုပ်ခြင်း

ကျေးရွာရှိ မူလွန်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဆရာတော်ကြီးနှင့် ကျေးရွာထည့်ဝင်ငွေများဖြင့်သာဆောက်လုပ်ခဲ့သဖြင့် အရည်အသွေးပိုင်းတွင်အားနည်းမှုရှိပြီး ယခုအချိန်တွင် အနည်းငယ်ဟောင်းနွမ်းနေပြီဖြစ်သောကြောင့် စံချိန်မီသော စာသင်ကျောင်းဆောင်များ၊ အားကစားပစ္စည်းအချို့နှင့် ပရိဘောဂအသုံးအဆောင်ပစ္စည်းများအား သက်ဆိုင်ရာအစိုးရဌာနများဖြစ်သော ပညာရေးဝန်ကြီးဌာန၊ အားကစားဦးစီးဌာနတို့မှ တာဝန်ယူဆောင်ရွက်ပေးစေလိုပါသည်။

### (ဂ) ကျေးရွာတွင်းလမ်း၊ ကျေးရွာချင်းဆက်လမ်းအဆင့်မြှင့်ပြုပြင်ခြင်းနှင့် လျှပ်စစ်မီးရရှိနိုင်ရန်ဆောင်ရွက်ခြင်း

ပုသိမ်သို့သွားရောက်နိုင်ရန်အတွက် ဆက်သွယ်ထားသော ရေချိုကုန်းကျေးရွာနှင့် ကျောက်ကြမ်းခင်းလမ်းဖြစ်ပါသည်။ အဆိုပါ ကျောက်ခင်းလမ်းအား ကွန်ကရစ်ခင်းပေးရန် ဒေသခံ ပြည်သူများမှာ အလွန်အလေးထားကာ မျှော်လင့်စောင့်စားနေရပါသည်။ သယ်ယူပို့ဆောင်ရေးနှင့် လယ်ယာလုပ်ငန်းအတွက် ရေလမ်းကို အသုံးပြုမှုရှိကြသည်။ ကျေးရွာတွင်းလမ်းနှင့် ကျေးရွာချင်းဆက်လမ်းများ ပိုမိုကောင်းမွန်လာအောင် ဆောင်ရွက်ခြင်းဖြင့် တစ်ရွာနှင့်တစ်ရွာ ကုန်စည်ကူးသန်း

ရောင်းဝယ်မှု ပိုမိုမြန်ဆန်လာနိုင်ပြီး စီးပွားရေးဖွံ့ဖြိုးမှုအားအတွက် လွန်စွာအထောက်အကူပြု နိုင်ပေသည်။ ကျေးရွာတွင် လျှပ်စစ်မီးမရရှိပါ။ မဟာဓာတ်အားလိုင်းနှင့် အနည်းငယ်အလှမ်းဝေးမှုနှင့် ငွေကြေးအခက်အခဲများကြောင့် လျှပ်စစ်မီးမသွယ်တန်းနိုင်သဖြင့် ကျေးရွာမီးလင်းနိုင်ရေး အတွက် သက်ဆိုင်ရာဌာနများမှာ ပံ့ပိုးငွေများလိုအပ်လျက်ရှိပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ လိုအပ်သလို ပူးပေါင်းဆောင်ရွက်ပြီး ကျေးရွာမီးလင်းနိုင်ရေး ဆောင်ရွက်ပါမည်။ ကျေးရွာမီးလင်းရေး ဆောင်ရွက်နိုင်ပါက ကျေးရွာ၏ လူနေမှုအဆင့်အတန်း မြင့်မားလာနိုင်ပြီး ကျောင်းသား/သူများ အတွက် စာဖတ်ချိန်တွင် အထောက်အကူများစွာပြုနိုင်မည် ဖြစ်ပါသည်။

### (ဃ) စိုက်ပျိုးရေးလယ်ယာသုံးကိရိယာများစနစ်တကျငှားရမ်းအသုံးပြုနိုင်ရေး

ခေါ်မကြားကျေးရွာသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် ကောင်းစွာ ဖြစ်ထွန်းသော ကျေးရွာ တစ်ရွာဖြစ်ပြီး တစ်နှစ်ပတ်လုံး စိုက်ပျိုးရေးရရှိနိုင်ပါသည်။ သို့သော် လယ်ယာလုပ်သားရှားပါးလာမှုနှင့်အတူ ရာသီဥတုဖောက်ပြန်လာမှုတို့ကြောင့် လယ်ယာလုပ်ငန်းအချိန်မီပြီးစီးရန် အနည်းငယ် အခက်အခဲကြုံတွေ့ရတတ်သည်။ စိုက်ပျိုးရေးဦးစီးဌာနနှင့်အတူ သက်ဆိုင်ရာဌာနများဖြစ်ကြသော စက်မှုလယ်ယာဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနများမှ ပြည်ပလယ်ယာသုံးပစ္စည်းရောင်းချသော ကုမ္ပဏီများနှင့် ချိတ်ဆက်ပေးသင့်ပါသည်။ ထို့အပြင် အရစ်ကျစနစ်ဖြင့် ရောင်းချမှုများ၊ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းသုံးစွဲနိုင်ရေးများကိုလည်း ဆောင်ရွက်ပေးသင့်ပါသည်။

### (င) အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများဖန်တီးပေးရေး

ခေါ်မကြားကျေးရွာတွင် ပညာမတတ်သောလူငယ်အချို့မှာ မိမိဘဝတိုးတက်ရာ အာမခံချက်ပေးနိုင်သော လုပ်ငန်းများပေါ်တွင် အာရုံစိုက်မှုနည်းပြီး ဂိမ်းကစားခြင်း၊ လက်ဖက်ရည်ဆိုင်ထိုင်ခြင်းများဖြင့် အချိန်ကုန်ဆုံးနေတတ်ပါသည်။ ထိုနည်းတူစွာပင် လက်လုပ်လက်စား ကျပန်းများမှာလည်း လုပ်ငန်းအတည်တကျမရှိဘဲ၊ ရာသီပေါ်သီးနှံများပေါ်တွင်သာ ကျပမ်းအဖြစ် လုပ်ကိုင်စားသောက်နေကြရသည်။ ထိုသူများအတွက် သင့်တော်သော အသက်မွေးဝမ်းကျောင်းဆိုင်ရာအတတ်ပညာများရရှိအောင် ကျေးလက်ဦးစီးဌာနမှ သက်ဆိုင်ရာပြင်ပအဖွဲ့များနှင့် ချိတ်ဆက်ပြီး ကူညီဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

ဗျူဟာဆိုသည်မှာ ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် အကောင်ထည်ဖော်မည့် နည်းလမ်းဖြစ်သည်။ နည်းလမ်းဆိုသည်မှာ မည်သည့်စီမံချက်များကို မည်သို့အကောင်ထည်ဖော်မည်

ဆိုသည့်သဘောပင်ဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ငါးနှစ်တာစီမံချက်ကာလအတွင်းပါဝင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

## (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုက ငါးနှစ်တာအတွက် စီမံကိန်းရေးဆွဲစဉ်အချိန်က ဦးစားပေးအစီအစဉ်ချခဲ့သောစီမံကိန်းများသည် ငါးနှစ်တာလုံးအတွက် ပြီးပြည့်စုံပြီဟုမဆိုနိုင်ပါ။ ဦးစားပေးစီမံကိန်းအချို့ကို ရှေ့ပိုင်းနှစ်များတွင် ဆောင်ရွက်နေစဉ် နောက်ထပ်ဦးစားပေးစီမံကိန်းအသစ်များပေါ်လာပါမည်။ ပုံမှန်အားဖြင့် စနစ်တကျရေးဆွဲထားသော ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်မှုဘောင်သည် သဘာဝဘေးအန္တရာယ်ဆိုးဆိုးဝါးဝါးမကျပါက ပြောင်းလဲမှုသိသိသာသာမရှိနိုင်ပဲ နောက်တိုးဦးစားပေးစီမံကိန်းလုပ်ငန်းအချို့ကို နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ထည့်သွင်းခြင်းအားဖြင့် အစဉ်သဖြင့် ငါးနှစ်တာစီမံချက်တစ်ခု အသင့်အနေအထားတွင် ရှိနေပါမည်။

## (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်းများကို မည်သည့်ဝန်ကြီးဌာန၊ ဦးစီးဌာနနှင့် သက်ဆိုင်သည်ဟု လုပ်ငန်းကဏ္ဍဆိုင်ရာအရခွဲခြားခြင်း (Functional classification) နှင့် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification) ဟူ၍ နှစ်မျိုးရှိသည်။

*လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)* – ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

*ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification)* တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်သည်။

## (ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

## ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်၊ ရေတွင်းချောင်ကျေးရွာ၊ ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ ကဏ္ဍခွဲ | စီမံချက် | ရမှတ် ပေါင်း | ဦးစားပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| *အခြေခံအဆောက်အအုံ (လမ်း၊ တံတား) သောက်သုံးရေ၊ မီး* | | | | | |
| | - ကွန်ကရစ်လမ်းအဖြစ်ဆောင်ရွက်ရန်<br>- စက်ရေတွင်းတူးဖော်ပေးရန် | ၉၀<br>၈၅ | ၁<br>၂ | - ခေါ်မကြားရွာတွင်းလမ်း (၁၈၀၀'×၁၀'×၆') ကွန်ကရစ်ခင်းရန်<br>- ၄'' Ø×၄၅၀' ပေစက်ရေတွင်းတူးဖော်ရန် | ကျေးလက် ဦးစီးဌာန |
| *လျှပ်စစ်မီးလင်းရေး* | | | | | |
| | | | | | |
| *ပညာရေး* | | | | | |
| | - ပညာရေးထောက်ပံ့ပစ္စည်းများ ချထားပေးရန် | ၈၀ | ၃ | – ကျေးရွာမူလတန်းကျောင်း စာရေးခုံ၊ တိုင်၊ အမိုး၊ အကာ များပြုပြင်ရန် | အခြေခံ ပညာဦးစီး ဌာန |
| *ကျန်းမာရေး* | | | | | |
| | - ကျေးလက်ဆေးပေးခန်းချထားပေးရန် | ၅၅ | ၅ | – ကျေးလက်ဆေးပေးခန်းဆောက်လုပ်ရန် | ကျန်းမာရေး ဦးစီးဌာန |

| ကဏ္ဍ/ ကဏ္ဍခွဲ | စီမံချက် | ရမှတ် ပေါင်း | ဦးစားပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| | | | | | |
| *စိုက်ပျိုးရေး* | | | | | |
| | - စိုက်ပျိုးရေးလုပ်ငန်းများမှ ဝင်ငွေ တိုးတက်ရရှိရေး | ၆၀ | ၄ | - စိုက်ပျိုးရေးချေးငွေများ လုံလောက်စွာရရှိရေး<br>- ချောင်းကော/မြောင်းကောတူးဖော်ခြင်းဖြင့် စိုက်ပျိုးရေး လုံလောက်စွာရရှိရေး အသုံးပြု | စိုက်ပျိုးရေး ဦးစီးဌာန |
| *မွေးမြူရေး* | | | | | |
| | | | | | |
| *စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ* | | | | | |
| | | | | | |
| *ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု လုပ်ငန်း* | | | | | |
| | | | | – | |
| *လူငယ်ဖွံ့ဖြိုးရေး* | | | | | |
| | | | | | |

**(ဃ)  အကောင်အထည်ဖော်မည့် အချိန်ကာလ**

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေး စီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလိုဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| **စီမံချက်** | **အဆင့်** | **၂၀၁၈** | **၂၀၁၉** | **၂၀၂၀** | **၂၀၂၁** | **၂၀၂၂** |
|---|---|---|---|---|---|---|
| ၁။ ခေါ်မကြားရွာတွင်းလမ်းကွန်ကရစ်ခင်းရန် (၁၈၀၀'×၁၀'×၆') | ၁ | —— | | | | |
| ၂။ စက်ရေတွင်းတူးဖော်ရန် (၄၅၀'×၄'') | ၂ | | —— | | | |
| ၃။ ကျေးရွာမူလတန်းကျောင်း စာရေးခုံ၊ ထိုင်ခုံ၊ အမိုး၊ အကာများပြုပြင်ရန် | ၃ | | | —— | | |
| ၄။ စိုက်ပျိုးရေးလုံလောက်စွာရရှိရေး၊ ချောင်းကော၊ မြောင်းကောတူးဖော်ပေးရန် | ၄ | | | | —— | |
| ၅။ ကျန်းမာရေးဆေးပေးခန်းဆောက်လုပ်ရန် | ၅ | | | | | —— |

## ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ (indicative) အဖြစ် ကိုးကားရန်သာဖြစ်ပါသည်။ အမှန်တကယ်လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တချို့စီမံချက်များကိုရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာ အဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းရှင်များထံမှ ဘတ်ဂျတ်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများရရှိရန် လည်းလိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

**စီမံချက်ဘတ်ဂျတ်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်း အသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | ကျေးရွာအတွင်းထိရောက်သော ကျန်းမာရေး စောင့်ရှောက်မှုရရှိရန် | | | √ | | |
| ၂ | လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း | | | √ | | |
| ၃ | ကျောင်းဆောင်သစ်တည်ဆောက်ပေးပါရန် | | | √ | | |
| ၄ | စိုက်ပျိုးရေးလုပ်ငန်းများမှ ဝင်ငွေ တိုးတက်ရရှိရေး | | | | √ | |
| ၅ | ဘဏ်များ၊ ငွေကြေးဝန်ဆောင်မှုအဖွဲ့ များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန် စီစဉ်ခြင်း | | | | √ | |
| ၆ | သက်မွေးဝမ်းကျောင်းနည်းပညာများ ပြန့်ပွားလာရေး | | | | √ | |
| ၇ | ကျေးရွာအဖွဲ့အစည်းများစွမ်းရည်မြှင့်တင်ရေးအစီအစဉ်များ လုပ်ဆောင်ခြင်း | | | | | √ |

| | | | | | | |
|---|---|---|---|---|---|---|
| ၈ | မွေးမြူရေးလုပ်ငန်းများမှ ဝင်ငွေ တိုးတက်ရရှိရေး | | | | | √ |
| ၉ | ကျေးရွာလျှပ်စစ်မီးသွယ်တန်းပေးရန် | | | | √ | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင်တာဝန်ရှိပါသည်။

### (၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကိုအဓိက ယူပါမည်။အဖွဲ့ အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာ စီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ – မိဘဆရာအသင်းသည် ကျေးရွာ မူလတန်းကျောင်း၏ ပညာရေး အရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန် ယူဆောင်ရွက်စေခြင်းဖြစ်ပါ သည်။

### (၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာ တွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များ ကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သောအကူအညီ များ ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ – မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြား မှု အရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရ ပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်း အဆင့်မြှင့်တင်ရန် **ကျေး လက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**၊ မြို့နယ်ဆောက်လုပ်ရေးဌာနနှင့် ဆက်သွယ်၍ အင်ဂျင် နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

## (၁၀-၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ် လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့်ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

